# တိုက်ပွဲအခြေအနေထုတ်ပြန်ကြေညာခြင်း

၂၀၂၁ ခုနှစ်၊ စက်တင်ဘာလ (၈) ရက်နေ့။

ဖယ်ခုံမြို့နယ် ကုန်းဆုံကျေးရွာအုပ်စု၊ ပူချယ်ရွာအဝင်တွင် စစ်ကြောင်းချီနေသော အကြမ်းဖက်စစ်ကောင်စီတပ်များကို ဖယ်ခုံအခြေစိုက် KNDF တပ်ရင်းနှင့် ဖယ်ခုံပြည်သူ့ကာကွယ်ရေးတပ်တို့မှ ယနေ့ နံနက်ပိုင်း (၉း၀၀) နာရီတွင် မိုင်းဆွဲတိုက်ခိုက်ပြီး နှစ်ဖက်ထိတွေ့တိုက်ပွဲ (၂၅) မိနစ်ခန့်ဖြစ်ပွားခဲ့ပါသည်။ တိုက်ပွဲအတွင်းအကြမ်းဖက် စစ်ကောင်စီတပ်ဘက်မှ (၅) ဦးကျဆုံးခဲ့ပါသည်။ ထိုတိုက်ပွဲအပြီး အကြမ်းဖက်စစ်ကောင်စီတပ်မှ ဆိုင်ကယ်စီးလာသော အရပ်သားနှစ်ဦးကို အကြောင်းမဲ့ပစ်သတ်ခဲ့ပါသည်။

စက်တင်ဘာလ (၇) ရက်နေ့ ညနေ (၆း၀၀) နာရီ ဝန်းကျင်တွင်ဖြစ်ပွားခဲ့သော ဒီမော့ဆိုမြို့နယ်ရဲစခန်း တိုက်ပွဲတွင် နှစ်ဖက် အပြန်အလှန် ပစ်ခတ်မှုများ နှစ်နာရီကျော် ဖြစ်ပွားခဲ့ပြီး အကြမ်းဖက် စစ်ကောင်စီဖက်မှ ထိခန့်ကျဆုံးမှုများရှိခဲ့ပါသည်။ KNDF ဘက်မှ ထိခိုက်မှုမရှိခဲ့သော်လည်း အကြမ်းဖက်စစ်ကောင်စီ တပ်များ အင်အားအလုံးအရင်းဖြင့် တပ်စွဲထားသော ဒီးမော့ဆိုရဲစခန်းကို သိမ်းပိုက်နိုင်ခဲ့ခြင်းမရှိပါ။ တိုက်ပွဲဖြစ်ပွားစဉ်အတောအတွင်း အကြမ်းဖက် စစ်ကောင်စီတပ်ဘက်မှ လက်နက်ကြီးများဖြင့် ပစ်ခတ်ခဲ့သဖြင့် ဒီမော့ဆိုမြို့ အတွင်းနေအိမ်အချို့ လက်နက်ကြီး ထိမှန်ပျက်စီးခဲ့ပါသည်။

ထိုအပြင်ဒီးမော့ဆိုမြို့နယ် ဒေါပိုးစီနှင့် စံပြ (၆) ကျေးရွာတွင် တပ်စွဲထားသော အကြမ်းဖက်စစ်ကောင်စီတပ်များသည် စံပြ (၆) မိုင်ကျေးရွာအတွင်း နေအိမ်များကို ဖောက်ထွင်းခြင်း၊ မီးတင်ရှို့ခြင်း စသော မိစ္ဆာလုပ်ရပ်များကို ပြုလုပ်လျက်ရှိပါသည်။

KNDF အနေဖြင့် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းများနှင့် ပူးပေါင်းပြီး ကရင်နီပြည် တစ်ပြည်နယ် လုံးအတိုင်းအတာဖြင့် အကြမ်းဖက် စစ်ကောင်စီတပ်များကို တိုက်ခိုက် ခြေမှုန်းသွားမည်ဖြစ်ကြောင်းထုတ်ပြန်ကြေညာအပ်ပါသည်။

KNDF သတင်းနှင့် ပြန်ကြားရေးဌာန